# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်ခြင်း လုပ်ငန်း၏လက်တွေ့အကောင်အထည်ဖော်မှု - တွေ့ကြုံရသည့်စိန်ခေါ်မှုများနှင့် တိုးတက်မှုအလားအလာ*

## နိဒါန်း

ယခုစာတမ်းတွင်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်ခြင်းဆိုတာဘာလဲ၊ ယင်းကိုမည်သို့ အကောင်အထည်ဖော်ဆောင်ရွက်မည်လဲ၊ လက်တွေ့အကောင်အထည်ဖော်ရာတွင် သုံးသပ်ခြင်း ဆိုင်ရာလုပ်ငန်းအဆင့်ဆင့်နှင့်ပတ်သက်သည့်မည်သို့သောစိန်ခေါ်မှုများရှိသလဲ၊လုပ်ငန်းတိုးတက်မှု အတွက်မည်သည့်အလားအလာနှင့်ရင်ဆိုင်ရနိုင်သည် ဆိုသည့်အချက်များကို လေ့လာ ဆန်းစစ် သွားမည်ဖြစ်သည်။

ဒီမိုကရေစီနိုင်ငံရေးစနစ်အောက်တွင် **ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြန်လည်သုံးသပ်ခြင်း**သည် အချုပ်အခြာအာဏာ၏ ဖွဲ့စည်းတည်ဆောက်ထားမှုပုံစံ၊ ဥပမာအားဖြင့် ဥပဒေပြုကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ၊ နှင့် တရားစီရင်ရေးကဏ္ဍများသည် ၎င်းတို့၏ယန္တရား၊ လုပ်ငန်းဆောင်ရွက်မှုများ နှင့် ၎င်းအာဏာရပ်များအသုံးပြုရာမှ ထွက်ပေါ်လာသည့်ရလဒ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေရန် အာဏာရပ်များအကြား **အချင်းချင်းအပြန်အလှန် ထိန်းကျောင်းမှုစနစ်** (the system of reciprocal control) ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်ဆိုသည့်အချက်ကို သုံးသပ်ခြင်း ဖြစ်သည်။

ထို့ပြင် မည်သည့်အဖွဲ့အစည်းတွင် ပြန်လည်သုံးသပ်ပိုင်ခွင့်အာဏာရှိသင့်သလဲ ဆိုသည့်အချက်ကို ဆန်းစစ်ရန် လိုပေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိ စိစစ်သုံးသပ်ခြင်းသည် ဒီမိုကရေစီမှစုပေါ်ပေါက်လာသည့် နိုင်ငံရေးစနစ် (political system emrged from democracy) အရ ကမ္ဘာပေါ်ရှိနိုင်ငံအများအပြား အကြားတွင် ကွဲပြားကြ ပေသည်။ အထက်ပါအကြောင်းအရာ အချက်အလက်များကို ဤစာတမ်းတွင်လေ့လာသုံးသပ်မည် ဖြစ်ပြီး၊ **မည်သည့်စိန်ခေါ်မှုများ**(what the challenges are?) ရှိသည်၊ **မည်သည့်နည်းဖြင့် တိုးတက်မှုအလားအလာကို မြင့်တင်မည်လဲ** (how to promote development trend) ဆိုသည့်အချက်များကို အကျဉ်းမျှ လေ့လာသွားမည်ဖြစ်သည်။

**ရည်ညွှန်းစကားရပ်များ -** ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်ခြင်း၊ စိန်ခေါ်မှုများ၊ တိုးတက်မှုအလားအလာ

* Prof.Dr Marlar Aung, Member of the Constitutional Tribunal of the Union, the Republic of the Union of Myanmar.

## ၁။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြန်လည်သုံးသပ်ခြင်း၏ အကောင်အထည်ဖော်ဆောင်ရွက်မှု (Implementation of Constitutional Review)

### ၁-၁။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီပြန်လည်သုံးသပ်ခြင်းဆိုသည်မှာဘာလဲ (What is Constitutional Review)

ဦးစွာ **ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီပြန်လည်သုံးသပ်ခြင်း (Constitutional Review)** ဆိုသည့်စကားရပ်အား ရှင်းလင်းရန်မှာ- **"ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီပြန်လည်သုံးသပ်ခြင်း"** ဆိုသည့်စကားရပ်၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရန် ဖြစ်သည်။

**"ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီပြန်လည်သုံးသပ်ခြင်း"**၊ **"ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိခြင်း၊ မရှိခြင်းကို ပြန်လည်သုံးသပ်ခြင်း"** ၊ သို့မဟုတ် **"ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းကျောင်းခြင်း"** ဆိုသည်မှာ - အချို့နိုင်ငံများတွင် ဥပဒေများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိခြင်း မရှိခြင်းကို စိစစ်ခြင်းဖြစ်သည်။

အထက်တွင်ဖော်ပြထားသည့်ဖော်ပြချက်မှ **"ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီပြန်လည်သုံးသပ်ခြင်း"**သည် ဥပဒေများသာမက၊ ဥပဒေများအပါအဝင်၊ အစိုးရ၏ လုပ်ငန်းဆောင်ရွက်ချက်များကိုပါ သုံးသပ်ခြင်းဖြစ်သဖြင့် ဥပဒေပြုအဖွဲ့များ(Legislative Organs) နှင့် အစိုးရအာဏာပိုင်များ(Executive Authorities) ကိုပါ တနည်း ကဏ္ဍနှစ်ရပ်စလုံးအား **"ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီထိန်းကျောင်းသည့်"** (balanced by Constitution) ဆောင်ရွက်ချက်ဖြစ်သည် ဟု ကောက်ချက်ချနိုင်ပေသည်။

အမှန်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြန်လည်သုံးသပ်ခြင်းဆိုသည့်စကားရပ်သည် အနှစ်သာရအားဖြင့် ကျယ်ပြန့်သည့်အတိုင်းအတာ ရှိသင့်ပေသည်။ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြန်လည်သုံးသပ်ခြင်းတစ်ရပ်သည် ဥပဒေကြမ်းများ၊ တည်ဆဲဥပဒေများ၊ ဥပဒေပြုကဏ္ဍ၏ဆောင်ရွက်ချက်များ၊ အုပ်ချုပ်ရေးကဏ္ဍ၏ဆောင်ရွက်ချက်များ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရဘောင်ခတ်ထားသည့် တရားစီရင်ရေးစနစ်အတွင်းရှိ တရားစီရင်ရေးကဏ္ဍ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီမညီ စစ်ဆေးမှုများ အားလုံးပါ အကျုံးဝင် သင့်သည်။

**"ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီပြန်လည်သုံးသပ်ခြင်း"** စနစ်သည်**"ထိန်းညှိစစ်ဆေးခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်း** "(Check and Balance and Reciprocal Control) ဆိုသည့်စနစ်နှင့် အခြေခံအားဖြင့် ဆက်နွယ်နေ ပေသည်။ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာ သုံးရပ်၏လုပ်ငန်းအလိုက် ဆောင်ရွက်မှုရလဒ်များ၏ ဥပဒေနှင့်ညီညွတ်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုသည် **"ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီပြန်လည်သုံးသပ်ခြင်း"** (Constitutional Review) ၏ အဓိကဆောင်ရွက်ရသည့် လုပ်ငန်းပင်ဖြစ်သည်။

သို့သော်လည်း အဆိုပါ **ထိန်းညှိစစ်ဆေးခြင်းစနစ်** သည် လက်တွေ့ဆောင်ရွက်မှုယန္တရားတွင် ခက်ခဲပေသည်။ ဒီမိုကရေစီနှင့် အမိန့်အာဏာပိုင် ပေါင်းစပ်အုပ်ချုပ်သည့် နိုင်ငံ သို့မဟုတ် အမိန့်အာဏာနှင့်အုပ်ချုပ်သည့်အာဏာပိုင်စနစ်မရောက်တစ်ရောက် နိုင်ငံ (hybrid or semi-authoritarian democracy entities) တို့တွင် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်း ဆိုသည့် လက်တွေ့ယန္တရားသည် အသီးသီးသော ပါတီ နိုင်ငံရေးအဖွဲ့အစည်းများအောက်တွင်

ထိရောက်နည်းပါးပေသည်။ နှစ်ပါတီစနစ် (Bi-party system) တွင် ဖြစ်စေ၊ ပါတီအများစနစ် (Multi-party system) တွင် ဖြစ်စေ၊ ရွေးကောက်တင်မြှောက်ခံရသည့်အနိုင်ရပါတီသည် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးဆိုင်ရာ အားလုံးသော လုပ်ပိုင်ခွင့် နှင့် အာဏာကို လက်ဝယ်ရယူကျင့်သုံးကြပေရာ၊ အာဏာခွဲဝေကျင့်သုံးသည် ဟုဆိုသည့်ရည်ရွယ်ချက် ပျောက်ဆုံးကာ **အာဏာသုံးရပ်သည် တစ်ခုတည်းသော ထိန်းကျောင်းမှု အောက်သို့ ရောက်ရှိပေသည်။**

ထို့အတူနိုင်ငံတော်အုပ်ချုပ်ရေးစနစ်တစ်ရပ်သည် အတိုက်အခံပါတီက ပျော့ညံ့သည့်အခါတွင်လူမှုရေးစီးပွားရေး၊ နိုင်ငံရေးရာကိစ္စများတွင် ယုတ်လျော့မှုကိုဖြစ်စေပေသည်။ ဥပဒေပြုစုရေးသည်လည်း စစ်မှန်ခြင်းမရှိ၊ အာဏာခွဲဝေကျင့်သုံးမှုမဖြစ်မူဘဲ၊ **အာဏာညှိနှိုင်းသုံးစွဲမှု**(power collaboration system) ကိုသာ ဖြစ်စေပြီး၊ **အာဏာရပါတီ၏ဩဇာသက်ရောက်မှု** (the voices of ruling party)သာလျှင် ဖြစ်လာပေသည်။

အမှန်တွင်မူ ဒီမိုကရေစီနိုင်ငံရေး စနစ်အတွက်မရှိ မဖြစ်လိုအပ်သည့် **ထိန်းညှိစစ်ဆေးခြင်း ဒေါက်တိုင်** (pillar of check and balance system) သည် **ကောင်းမွန်သောအုပ်ချုပ်ရေး**(good governance) ဖြစ်ရန်အတွက် မရှိမဖြစ် လိုအပ်ချက် ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏အတွေ့အကြုံများအား အခြေပြု၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အချုပ်အခြာအာဏာသုံးရပ်အကြား အပြန်အလှန်ထိန်းကျောင်းခြင်း၊ စစ်ဆေးခြင်းထိန်းညှိခြင်းအား နိုင်ငံတော်၏အခြေခံမူများအဖြစ် ဖော်ပြထားပေသည်။ အချုပ်အခြာအာဏာကဏ္ဍအသီးသီး၏ ဆောင်ရွက်မှုရလဒ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ၊ မညီ၊ တည်ဆဲဥပဒေများ နှင့်ကိုက်ညီမှု ရှိ၊မရှိ၊ တရားမျှတမှုရှိ၊မရှိတို့အတွက် တရားရုံးတော်ဖြင့် အဆုံးအဖြတ် တန်ဖိုးဖြတ် ခံရမည် (must be assessed by ajudication process)ဖြစ်သည်။

လာမည့် ခေါင်းစဉ်ခွဲတွင် **"ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီပြန်လည်သုံးသပ်ခြင်း"** စနစ်နှင့် ပတ်သက်သည့်တရားစီရင်ရေးဆိုင်ရာအဖွဲ့ အစည်းဖွဲ့ စည်းမှုနမူနာ/ပုံစံ (Model) များအကြောင်း ဆွေးနွေးမည်ဖြစ်ပြီး၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ မည်သည့်တရားစီရင်ရေးဆိုင်ရာ အဖွဲ့သည် ၎င်းလုပ်ငန်းကို ဆောင်ရွက်နိုင်သည်ကို ရှင်းလင်းရန် လိုအပ်ပါလိမ့်မည်။

## ၁-၂။ မည်သည့်တရားစီရင်ရေးအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှုကို ကျင့်သုံးနိုင်ပါသနည်း

ယခုအပိုင်းတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု လုပ်ငန်းအား မည်သည့် အဖွဲ့အစည်းအမျိုးအစားက ဆောင်ရွက်နိုင်သနည်း ဆိုသည့်အချက်ကို ဆန်းစစ်သွားမည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနယ်ပယ်၊ ဥပဒေပညာရပ်နယ်ပယ် နှင့် တရားရေးနယ်ပယ် အသီးသီးရှိပညာရှင်များက ပြုစုထားသည့် များပြားလှသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှုနှင့်စပ်လျဉ်းသည့် သုတေသနလုပ်ဆောင်ချက်များ( research works ) အပေါ်အခြေပြု၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှုကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဖွဲ့ အစည်းဖွဲ့ စည်းမှုနှင့်စီရင်ပိုင်ခွင့်အာဏာသုံးစွဲမှုပုံစံများ(review models)၊ စီရင်ပိုင်ခွင့်အာဏာသုံးစွဲသည့်စနစ်များ(review systems) နှင့် ပြန်လည်သုံးသပ်မှုယန္တရား (review mechanism) တို့အား အောက်တွင် ဖော်ပြထားသည့် ဇယားဖြင့် ဖော်ပြနိုင်မည်ဖြစ်သည်။

| စဉ် | ဖွဲ့စည်းတည်ဆောက်မှု ပုံစံအမည် | အကောင်အထည် ဖော်ဆောင်ရွက်သည့် အဖွဲ့အစည်းများ | ပြန်လည်သုံးသပ်မှု နည်းလမ်း သို့မဟုတ် စနစ် | အထူးသတ်မှတ်သည့် တရားစီရင်ရေးအဖွဲ့ |
|---|---|---|---|---|
| ၁ | တရားရုံးအဆင်ဆင့်သို့ အာဏာခွဲဝေ သုံးစွဲသည့်စနစ် ပုံစံ | သာမန်တရားစီရင်ရေး ဆိုင်ရာအမြင့်ဆုံးတရားရုံး နှင့် သတ်မှတ်ထားသည့် တရားရုံးများ | လုပ်ပိုင်ခွင့်အာဏာကို ခွဲဝေသုံးစွဲသည့်စနစ် | တရားလွှတ်တော်ချုပ် နှင့် သတ်မှတ်ထားသည့်အဆင့်ရှိ တရားရုံးများ |
| ၂ | ဗဟိုဦးစီး စနစ်ပုံစံ | ဖွဲ့စည်းပုံအခြေခံဥပဒေ တရားရုံးများ | လုပ်ပိုင်ခွင့်အာဏာကို စုစည်းထားသည့်စနစ် | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ<br>ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ<br>ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီများ |
| ၃ | ပေါင်းစပ် ရောထွေးထားသည့် စနစ်ပုံစံ | ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံး နှင့် သာမန်တရားစီရင်ရေး ဆိုင်ရာ တရားရုံးများ | လုပ်ပိုင်ခွင့်အာဏာကို တစ်စိတ်တစ်ပိုင်းခွဲ၍၊ တစ်စိတ်တစ်ပိုင်းစုစည်းသည့် စနစ် | တရားစီရင်ရေးဆိုင်ရာနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ သို့ ခုံရုံးများ |
| ၄ | နိုင်ငံရေးစနစ် အခြေပြုပုံစံ | ဥပဒေပြုလွှတ်တော် | တရားစီရင်ရေးသဏ္ဍာန်တူစနစ် | တရားစီရင်ရေးသဏ္ဍာန်တူအဖွဲ့များ |

ရှင်းလင်းချက် ၁။ ဖွဲ့စည်းတည်ဆောက်မှု ပုံစံအမည်၊ အကောင်အထည်ဖော် ဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ ပြန်လည်သုံးသပ်မှု နည်းလမ်း သို့မဟုတ် စနစ် အထူးသတ်မှတ်သည့်တရားစီရင်ရေးအဖွဲ့

အထက်ဖော်ပြပါရှင်းလင်းချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု သည် နိုင်ငံများတွင် အဓိကအသုံးပြုသည့် အဖွဲ့အစည်းဖွဲ့စည်းမှုပုံစံ နှစ်မျိုးရှိသည်။ ပထမတစ်မျိုး မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ၊ ခုံရုံးများဖြစ်ပြီး၊ ကျန်တစ်မျိုးမှာ တရားစီရင်ရေးကဏ္ဍ၏ မူလတရားစီရင်ရေးစနစ်အတွင်းရှိတရားရုံးများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှုစနစ်များ(review system)သည်လည်း အမျိုးမျိုးရှိပေသည်။ ဥပမာ- လုပ်ပိုင်ခွင့်အာဏာကို ခွဲဝေသုံးစွဲသည့်စနစ် (defused system)၊ လုပ်ပိုင်ခွင့်အာဏာကို စုစည်းထားသည့်စနစ် (concentrated system)၊ လုပ်ပိုင်ခွင့်အာဏာကို တစ်စိတ်တစ်ပိုင်းခွဲ၍ ၊ တစ်စိတ် တစ်ပိုင်းစုစည်းသည့်စနစ် (defused and concentrated system)၊ တရားစီရင်ရေး သဏ္ဍာန်တူ စနစ် (Quasi- Judicial System) စသည်ဖြင့် ရှိပေသည်။ ပြန်လည်သုံးသပ်မှု စနစ်များ သည် သက်ဆိုင်ရာစနစ် အသီးသီး၏ အဖွဲ့အစည်းဖွဲ့စည်းထားရှိမှုပုံစံ နှင့် ဆက်စပ်လျက်ရှိပေသည်။ ထူးခြားသည့်ပုံစံဖြစ်သည့် နိုင်ငံရေးအခြေခြေပြုပုံစံသည် ၄င်း၏အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်း၍ ရှုတ်ထွေးမှုရှိပေသည်။ ဆိုလိုသည်မှာ- အပြီးသတ် အဆုံးအဖြတ်၏စည်းနှောင်မှုကို ဆိုလိုခြင်း ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တည်ငြိမ်မှု၊ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်စေရန်ဆိုသည့်အမြင်အရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်သက်ဆိုင်သည့် အကြောင်းအရာများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သီးခြားဖွဲ့စည်းထားသည့် အဖွဲ့အစည်း ဖြင့်သာတရားစီရင်ရေးဆိုင်ရာအဆုံးအဖြတ်ကို ပြုသင့်ပေသည်။ ထိုသို့တရားစီရင်ရေးဆိုင်ရာ သီးခြားအဖွဲ့ တစ်ရပ်ဖြင့် ဆောင်ရွက်စေခြင်းသည် လုပ်ငန်းများ၏ဝန်ကို ဝေမျှထမ်းဆောင်ခြင်း

(loads sharing)၊ အနီးကပ်ကြီးကြပ်ခြင်း(closed attention) နှင့် ဆုံးဖြတ်ဖြေရှင်းပေးခြင်းတွင်လည်း ထိရောက်မှုရှိ (effectiveness of settlement) နိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး (constitutional court)၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး(constitutional tribunal)၊ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကောင်စီ (constitutional council) အစရှိသဖြင့် လုပ်ပိုင်ခွင့်အာဏာကိုစုစည်းထားသည့်စနစ် တနည်း ဗဟိုဦးစီးစနစ် (centralized system) သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ဘောင်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှုစနစ်၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ပိုမိုအာရုံစူးစိုက်နိုင်သည်ဟု ဆိုနိုင်ပေသည်။

ဤနေရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှုပုံစံ (model of constitutional review) အား ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ကိုအခြေခံ၍ မြန်မာနိုင်ငံ၏အလေ့အထအပေါ် ဆန်းစစ်ထားပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအငြင်းပွားမှုများကို ဖြေရှင်းရန်ဆိုသည့် ရည်ရွယ်ချက်အတွက် ဖွဲ့စည်းတည်ထောင်ထားခဲ့ခြင်းဖြစ်သည့်အပြင်၊ ခုံရုံးအား တရားစီရင်ရေးကဏ္ဍအတွင်းတွင်ပင် သီးခြား တရားစီရင်ပိုင်ခွင့် အာဏာကို အပ်နှင်းခြင်းဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အထက်တွင်ဖော်ပြသည့် ဇယားမှ မြင်သာသည်မှာ- မြန်မာနိုင်ငံသည် အမှတ်စဉ် ၂ ပုံစံတွင် အကြုံးဝင်သည်ကိုတွေ့ရမည်။ ထိုသို့ရွေးချယ်ထားမှုသည် မြန်မာနိုင်ငံ၏ မှန်ကန်သည့် တရားရုံးရွေးချယ်ဖွဲ့စည်းမှုဖြစ်ပေသည်။

ခုံရုံးသည် နိုင်ငံ၏အမြင့်ဆုံးဥပဒေဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီမညီ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရဆောင်ရွက်ခြင်းဟုတ်မဟုတ် အစရှိသဖြင့် အဆုံးအဖြတ်ပြုရမည့်အရည်အသွေး (the skill of conscience of settlement subject to Constitution) အပေါ် အခြေပြု၍ ဖွဲ့စည်းထားသည့်တရားစီရင်ရေးအဖွဲ့ဖြစ်သည်။

သို့ဖြစ်၍ တည်ဆဲဥပဒေများနှင့်အညီ အဆုံးအဖြတ်ပြုရသည့် မူလတရားစီရင်ရေးကဏ္ဍအတွင်းရှိ တရားရုံး များ၏အဆုံးအဖြတ်ပြုရမည့်အရည်အသွေးတို့ နှင့် အနည်းငယ်ခြားနားမှုရှိပေသည်။ တရားစီရင်ရေးကဏ္ဍအတွင်းရှိ တရားရုံးများသည် ဘက်မလိုက်မှု နှင့် တရားဥပဒေနှင့်အညီ တရားမျှတမှုကို အဆုံးအဖြတ်ပြုရမည့် အရည်အသွေး (a resolving skill in accord with fair and justice) ဖြင့် အဆုံးအဖြတ်ပြုရမည့် တရားစီရင်ရေးအဖွဲ့ဖြစ်သည်။ ဆိုခဲ့သည့် ကွဲပြားမှုကြောင့် **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု**အား သာမန် တရားရုံးများ၏ တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်မှုအလေ့အထနှင့် ထပ်တူ မပြုသင့်ပေ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ပြည်ထောင်စု၏ ထင်ရှားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက်ရှိသည့်အဖွဲ့အစည်း တစ်ရပ်အနေဖြင့် ဒီမိုကရေစီအငွေ့အသက်အောက်တွင် ၁၀ နှစ်ကြာ ထင်ရှားသည့် စိန်ခေါ်မှုများကို ဖြေရှင်းခဲ့သည့်တိုင် အချိန်နှင့် အမျှ သင်ခန်းစာများကို ပို၍ရယူရပေလိမ့်ဦးမည်ဖြစ်သည်။

## ၁-၃ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု၏ လုပ်ငန်းများ (Functions of Constitutional Review)

သာမန်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု နှင့်စပ်လျဉ်းသည့် လုပ်ငန်းများတွင် ဥပဒေပြုလွှတ်တော်နှင့် ဥပဒေပြုလွှတ်တော်အဆင့်ဆင့်က ပြဋ္ဌာန်းသည့် ဥပဒေကြမ်းများ(BILLS)၊ ဥပဒေများ(Laws) ကို စိစစ်ခြင်း၊ ဥပဒေပြုလွှတ်တော်၊ ဥပဒေပြုလွှတ်တော် အဆင့်ဆင့် နှင့် အုပ်ချုပ်ရေးအာဏာပိုင်အဆင့်ဆင့်က ဆောင်ရွက်သည့်အရေးယူ ဆောင်ရွက်မှုများ(measures)၊လုပ်ဆောင်မှုများ (actions) သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ၊ မညီ စစ်ဆေးခြင်း၊ ကဏ္ဍအသီးသီးကြားရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများ (constitutional disputes)ကိုစစ်ဆေးစိစစ်ခြင်းအပြင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပေးအပ်ထားသည့် အခွင့်အရေးများအား တရားရုံးအဆုံးအဖြတ်ခံယူရန် အာမခံချက်ပေးခြင်း နှင့် ကျန်လုပ်ငန်းအနေဖြင့် ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲ ရလဒ်များ၏ ဥပဒေနှင့်ညီညွတ်မှုရှိ၊မရှိစိစစ်ခြင်းလုပ်ငန်းပါ ပါဝင်သည်ဟု သုတေသနပြုချက်တွင် ဖော်ပြ ကြသည်။

အဆိုပါလုပ်ငန်းများသည် အပြည်ပြည်ဆိုင်ရာက အသိအမှတ်ပြုထားသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာလုပ်ငန်းနှင့်လုပ်ပိုင်ခွင့်များ ဖြစ်နိုင်သော်လည်း အဆိုပါလုပ်ငန်းများထက် ပိုမိုသည့်လုပ်ငန်းများရှိနိုင်ပေသည်။ အာဏာများထိန်းညှိခြင်းကို အဓိကအကောင်အထည်ဖော်ရန် ရည်ရွယ်ချက်ဖြင့် အထူးသီးသန့်လုပ်ငန်းတာဝန်ကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ လုပ်ငန်းခွဲဝေထားမှုသည် ထူးခြားပေသည်။

အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနှင့်ရွေးကောက်ပွဲအကူအညီပေးရေးအဖွဲ့၏ သုတေသနအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ကျင့်သုံးသည့် သီးခြားလုပ်ငန်းစိတ်များအား အထူးဖော်ပြထားပေသည်။ ဤအပိုင်းတွင် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနှင့် ရွေးကောက်ပွဲအကူအညီပေးရေးအဖွဲ့က ရည်ညွှန်းထားသည့်ဘောင်အတွင်းမှ ဆန်းစစ်သွားမည်ဖြစ်သည်။ ဖော်ပြချက်ဇယား-၂ တွင် မြန်မာနိုင်ငံတွင် ဖြစ်နိုင်ခြေရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပဋိပက္ခများ၊ တွေ့ကြုံပြီးဖြစ်သည့်စိန်ခေါ်မှုများ၊ နှင့် အနာဂတ်တွင်တွေ့ကြုံနိုင်သည့် အလားအလာများကို ဖော်ပြထားသည်။

| Sr. | Controlling Mechanism | Reviewing Matters | Potential of Dilemma | Challenged |
|---|---|---|---|---|
| 1. | Controlling Constitution itself | Constitution making process | Need referendum or not | Having Potential |
| | | Constitutional amendment | Constitutionality of bill or law by Legislature | challenged |
| 2. | Controlling legislature | Reviewing Constitutionality of Bills (*ante factum*) | | challenged |
| | | Reviewing Constitutionality of laws (*ex post facto*) | | |
| | | Reviewing Constitutionality of actions of legislative body (impeachment process) | Legitimacy of impeachment | challenged |
| | | Adjudication of Constitutional Disputes between each level of legislative bodies | | |
| 3. | Controlling executive | Constitutionality of executive actions and decisions | | |
| | | Constitutionality of impeachment proceedings against Executive Authority (mostly corruption) | | challenged |

| | | | | |
|---|---|---|---|---|
| | | Qualifications of executive authority | Overruled by decision of ruling Government | Not challenge in The Tribunal |
| | | Adjudication of Qualification of Public Authority | | |
| | | Adjudication of disputes between executive organs (between Ministries) | | |
| 4. | Controlling Judiciary itself | Constitutionality of laws applied in Court | | |
| | | Adjudication on Judicial remedies concerning constitutional rights | | Challenging |
| | | Qualifications of member of the Constitutional Tribunal | | Challenged |
| 5. | Controlling Election | Adjudication of the dissolution or merger of Political Parties | | Having Potential |
| | | Constitutionality of actions of the Political Party | | Future Potential |
| | | Legality of Elections and Election Results | | Future Potential |

Figure 2. Functions of constitutional review experienced in Myanmar

### ၁-၄ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ၊ မညီ အကဲဖြတ်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးသို့မဟုတ် တရားရုံးသို့လျှောက်ထားလွှာတင်သွင်းနိုင်ခွင့်အခွင့်အရေးရှိသူများ (Who has the right to request Constitutionality Assessent)

ဤအပိုင်းတွင် သက်ဆိုင်ရာတရားဝင်လမ်းကြောင်းကို ကိုးကား၍ မည်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ၊ မညီ အကဲဖြတ်ရန်အတွက် လျှောက်ထားလွှာတင်သွင်းခွင့် ရှိသူများ ဖြစ်သည်လဲ ဆိုသည့်အချက်ကို ဆွေးနွေးမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှုအတွက်လျှောက်လွှာတင်သွင်းခြင်းအား ကန့်သတ်ထားသည့် အဖွဲ့အစည်းအသီးသီး၏ အကြီးအမှူးကသာ တင်သွင်းနိုင်ပေသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၃၂၅ နှင့် ခုံရုံးဥပဒေ ပုဒ်မ ၁၃ အရ ခုံရုံးသို့ တိုက်ရိုက်လျှောက်ထားလွှာတင်သွင်းနိုင်သည့် ပုဂ္ဂိုလ်များကို ဖော်ပြထားရာ၊ အဆိုပါ ပုဂ္ဂိုလ်များသာလျှင် ခုံရုံးရှေ့ကြားနာမှုကို တိုက်ရိုက်တက်ရောက်ကြားနာခွင့် အခွင့်အရေး ရှိသူများ ဖြစ်သည်။ ထို့ပြင် ခုံရုံးဥပဒေ၊ ပုဒ်မ ၁၄ တွင် ခုံရုံးသို့ လျှောက်ထားလွှာ သွယ်ဝိုက်၍တင်သွင်းခွင့် ရှိသည့် ပုဂ္ဂိုလ်များနှင့်အဖွဲ့အစည်းများကို ပြဋ္ဌာန်းထားသည်။

| Sr. | Having *locus standi* in constitutional court/tribunal/ councils | Kinds of Petitions | Products of Adjudication | Effects |
|---|---|---|---|---|
| 1. | President for Executive | Request for Interpretation | Resolution | Final and Conclusive |
| 2. | Speakers for Legislature | | | |
| 3. | Chief Justice for Judiciary | Request for Opinion | | |
| 4. | Election Management Chairman for Election Matters | Petition for Decision | | |

**Figure 3.** Eligibility of Petitioner who lodge constitutional review to the Tribunal

လျှောက်ထားလွှာအား ပုဂ္ဂိုလ်တစ်ဦးချင်းက ခုံရုံးသို့ တိုက်ရိုက်တင်သွင်းခွင့်အခွင့်အရေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဆောင်ရွက်နိုင်သည့်လုပ်ငန်း ထက်များစွာ

ကျော်လွန်ဟု အလေးပေးဖော်ပြရပေမည်။ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူလုံခြုံရေးသည် ယနေ့ကမ္ဘာပေါ်ရှိ လူမှုအဖွဲ့အစည်း တိုင်း၏ အမြင့်မားဆုံး ဒီမိုကရေစီစံ ဖြစ်သည်နှင့်အညီ ဒီမိုကရေစီနည်းလမ်းဖြင့် ရွေးကောက်တင်မြှောက်ထားသည့်အစိုးရများသည်ပင်လျှင် ပုဂ္ဂလိက တစ်ဦးချင်းစီ၏ လိုအင်ဆန္ဒတိုင်းကို ဖြည့်ဆည်းခြင်းကာ မစွမ်းနိုင်ခြင်းသည်လည်း အမှန်တရားပင်ဖြစ်ပေသည်။

လူ့အခွင့်အရေးဆိုင်ရာကျွမ်းကျင်သူများနှင့် လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်း အားလုံးသည် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အခြေခံလူ့အခွင့်အရေးများ၊ အများပြည်သူ၏ရပိုင်ခွင့်အခွင့်အရေးများနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများကို ချိုးဖောက်ခံရပါက ကုစားမှုအတွက် စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးတစ်စုံတစ်ရာသို့ တင်သွင်းနိုင်ရမည်ဟု တစ်ပုံစံတည်းတောင်းဆိုကြပေသည်။

အဆိုပါကိစ္စသည် လက်တွေ့နယ်ပယ်ရှိ စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ လူ့အခွင့်အရေးဟု မည်သို့ပင်ဆိုစေကာမူ ဥပမာအားဖြင့် သက်ဆိုင်ရာနိုင်ငံအလိုက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသိအမှတ်ပြုထားသည့် အခြေခံအခွင့်အရေးများ၊ သို့မဟုတ် ပုဂ္ဂိုလ်ဆိုင်ရာသီးခြားအခွင့်အရေးများသည် ကုန်ဆုံးနိုင်မည် မဟုတ်သည့်အခွင့်အရေးများဖြစ်ပေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ လူပုဂ္ဂိုလ်တစ်ဦးချင်းစီက တိုက်ရိုက်လျှောက်ထားခြင်းနှင့်ပတ်သက်၍လေ့လာကြည့်မည်ဆိုပါက၊ တရားရုံးရှေ့သို့ အမှုကိုတင်သွင်းခွင့်ဆိုင်ရာ ဥပဒေနှင့် တရားရေးစီရင်ရေးစံများ(the legal and judicial notion of *locus standi*) နှင့် အတူ စဉ်းစားခြင်းပြုရမည့်အချက်ဖြစ်ပေသည်။ **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု** အတွက် သာမန်တရားစီရင်ရေးဆိုင်ရာ တရားရုံးများတွင် အမှုသည်အဖြစ် အမှုတင်သွင်းနိုင်သည့် ပြဿနာမည်သို့ရှိသလဲ၊ **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု**အတွက် စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးသို့ ပုဂ္ဂလိကတစ်ဦးချင်းက တင်သွင်းနိုင်မှုသည် မည်မျှ အောင်မြင်မှုရှိသလဲဆိုသည့်မေးခွန်းများသည် ဒီမိုကရေစီ ၁၀ နှစ်သက်တမ်းရှိသည့် အတွေ့အကြုံ နုနယ်သေးသည့် မြန်မာနိုင်ငံက ဆက်လက်လေ့လာရပေလိမ့်ဦးမည်ဖြစ်သည်။

ထို့ပြင် မူလတရားစီရင်ရေးကဏ္ဍရှိ တရားရုံးများသည် အမှုသည်အချင်းချင်း အကြားတရားပြိုင်ဆိုင်မှုအပေါ် အဆုံးအဖြတ်ပြုသည့်ယန္တရားဖြစ်ပြီး၊ အခြားတစ်ဖက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဆုံးအဖြတ်ပြုခြင်းသည် ဦးဆောင်အဖွဲ့အစည်းတစ်ခုတည်းက ဆောင်ရွက်ခြင်းပုံစံ(centralized model) အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက တရားစီရင်ရေး အရည်အသွေးတစ်မျိုးဖြင့် ကိုင်တွယ် ဖြေရှင်းသည့်ယန္တရားဖြစ်သည်။

အထက်တွင်ဖော်ပြထားသည့်ဇယားမှ ဖော်ပြသည်မှာ- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှုအပေါ် ပုဂ္ဂိုလ်တစ်ဦးချင်းစီက တိုက်ရိုက်လျှောက်ထားခြင်းသည် မြန်မာနိုင်ငံ၏ လက်တွေ့ နယ်ပယ်တွင် မပေါ်ပေါက်ပါ။ ယနေ့အထိ နိုင်ငံသားများ၏အခြေခံအခွင့်အရေးများကို ချိုးဖောက်မှုအတွက်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကုစားမှုအဖြစ် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်လျှောက်ထားလွှာများတင်သွင်းခြင်းဖြင့် အာမခံချက် ပေးအပ်ထားသည်။

တရားလွှတ်တော်ချုပ်၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်၍ အယူခံခွင့်မရှိသကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှုအတွက်လည်း ဖော်ပြပြဋ္ဌာန်းထားခြင်း မရှိပါ။ အဆိုပါအချက်သည် **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု** အတွက် စဉ်းစားရမည့်

အချက်ဖြစ်ပေသည်။ အမှန်အားဖြင့် စာချွန်တော်အမိန့်လျှောက်ထားမှုများအရ ပေးအပ်ထားသည့် ကုစားမှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကုစားမှုဖြစ်သည်။ သို့ဖြစ်၍ စာချွန်တော် လျှောက်ထားမှုနှင့်သက်ဆိုင်သည့် **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု**သည် တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်မှုနှင့် တစ်နည်းတစ်ဖုံကွဲပြားခြားနားသည့်အတွက် ခုံရုံးက နောက်ဆုံး စီရင်သင့်သည့် နေရာဖြစ်ပေသည်။

**၁-၅ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဆိုင်ရာ မှီခိုအားထားနိုင်သည့် နည်းလမ်း**
**(The reliable way of Constitutional Review)**

ဤအပိုင်းတွင်မြန်မာနိုင်ငံ၏**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု** အလေ့အထ များအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှုကို မည်သို့ထိရောက်စွာ အကောင် အထည်ဖော်သည် ဆိုသည့်အချက်အား တင်ပြသွားမည်ဖြစ်သည်။

အဆိုပါအချက်၌ တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်ခြင်း (judicial review)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်ခြင်း (constitutional review) အကြား မည်သို့ ခြားနားသည်ဆိုသည့်အချက်ကို ရှင်းလင်းရန် လိုပေသည်။ တရားရုံးအဆင်ဆင့်သို့ အာဏာခွဲဝေ သုံးစွဲသည့်ပုံစံ (decentralized model) တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်ခြင်း အာဏာသည် အမြင့်ဆုံးတရားစီရင်ရေးဆိုင်ရာတရားရုံး (highest judicial courts of law) တွင်အပ်နှင်းထားပြီး၊ အဆိုပါတရားရုံးသည် ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု၊ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု၊ စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းလုပ်ဆောင်မှုများ အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီဟု ကြေညာနိုင်ပေသည်။

သို့သော် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်မှု (judicial review)၏ အစဉ်အလာ နှင့်အညီဆောင်ရွက်သည့်အလေ့အထသည် စီမံခန့်ခွဲရေးဆိုင်ရာအဖွဲ့အစည်းမှ တရားရုံးသို့ အကြောင်းချင်းရာအရဖြစ်စေ၊ သို့မဟုတ် ဥပဒေအရဖြစ်စေ၊ သို့မဟုတ် နှစ်မျိုးစလုံးအပေါ်ဖြစ်စေ တွေ့ရှိချက်များအား ပြန်လည်သုံးသပ်ရန်အတွက် အယူခံဝင်သည့်ပုံစံမျိုးဖြစ်သည်။ အဆိုပါ အာဏာ တနည်း လုပ်ငန်းသည် တရားစီရင်ရေး ဆိုင်ရာကြီးကြပ်မှုအာဏာဖြစ်ပြီး အဆင့်မြင့် တရားရုံးများမှစီမံခန့်ခွဲရေးအဖွဲ့များသို့ ကြီးကြပ်သည့် အာဏာဖြစ်သည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု**သည် တရားစီရင်ရေးဆိုင်ရာ တရားရုံး များက ကျင့်သုံးသည့် တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်မှု အတိုင်းအတာထက် ပိုမိုပေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ သို့မဟုတ် ခုံရုံးများတည်ထောင်ရခြင်း၏ ရည်ရွယ်ချက် အတွက်၊ ဆိုလိုသည်မှာ- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဆုံးအဖြတ်ပေးခြင်းသည် အဖွဲ့အစည်း တစ်ခုတည်းကိုဗဟိုပြုစုစည်းသည့်ပုံစံ (centralized model) အရ စီရင်ပိုင်ခွင့်အာဏာကို တစ်နေရာတည်း၌စုစည်းထားသည့်စနစ် ( concentrated system) အတွက် သင့်လျော်သည်ဟု ဆိုရပေမည်။

သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြန်လည်သုံးသပ်ခြင်း ယန္တရားကို အကောင်အထည် ဖော်ရန် လုပ်ငန်းစဉ်၏အရေးပါသည့်အဆင့် နှစ်ဆင့်အား ဂရုပြုသင့်ပေသည်။ အဆင့် တစ်ရပ်မှာ

ပြန်လည်သုံးသပ်မှု၏ကနဦးဆောင်ရွက်ရမည့်အဆင့် နှင့် ကျန်တစ်ရပ်မှာ ပြန်လည် သုံးသပ်မှုမှ ပေါ်ထွက်လာသည့်အဆုံးအဖြတ်၏အမြင့်ဆုံးအဆင့်ဖြစ်သည်- ဆိုလိုသည်မှာ- ပြန်လည်သုံးသပ်မှု အဆုံးအဖြတ်သည် နောက်ဆုံးနှင့်အပြီးအပြတ် ဖြစ်ရမည်ဖြစ်ပြီး၊ ဆုံးဖြတ်ချက်၏ အကျိုး သက်ရောက်မှုသည်ထိရောက်စွာစည်းနှောင်ရမည်ဖြစ်သကဲ့သို့ သက်ဆိုင်ရာ လျှောက်ထားသူများ အထိ အာဏာသက်ရောက် ရမည်ဖြစ်သည်။ ဤနေရာတွင် ဖော်ပြထားသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာပြန်လည်သုံးသပ်ခြင်းယန္တရား၏ အထက်ပါ အဆင့်နှစ်ရပ်သည် အခြေပြု ဆောင်ရွက် ရမည့် ယန္တရားအဖြစ် အကျဉ်းတင်ပြခြင်း ဖြစ်သည်။

## က ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု၏ ကနဦး အဆင့်

ကနဦးအဆင့်တွင် ခက်ခဲသည့်ပြဿနာ များများစားစားမရှိပါ။ ပြဿနာတစ်ရပ်မှာ- လျှောက်ထားလွှာတင်သွင်းခွင့်ရှိသည့် လမ်းကြောင်း(၆) သွယ်ဖြစ်ပြီး၊ အဆိုပါအချက်ကြောင့် တရားဝင်တင်သွင်းခွင့်ရှိသည့် အကြီးအမှူးများသည် သက်ဆိုင်ရာလမ်းကြောင်း အလိုက်မှာ လျှောက်ထားလွှာအား တင်သွင်းခွင့် ရှိကြခြင်းဖြစ်သည်။ ဆိုလိုသည်မှာ- အကယ်၍ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာသုံးသပ်မှုအတွက် အကဲဖြတ်ခြင်းကို အုပ်ချုပ်ရေးကဏ္ဍမှ ထွက်ပေါ်လာသည့် အခါ အကြီးအမှူးများသည်သာ လျှောက်ထားလွှာကို ခုံရုံးသို့တင်သွင်းရန် တာဝန်ရှိသူများ ဖြစ်ကြသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ လျှောက်ထားလွှာ (၂) ရပ်ရှိပြီး၊ တစ်ခုမှာ လျှောက်ထား လွှာ အမှတ် ၁/၂၀၁၄ ဖြစ်ပြီး၊ အခြားတစ်ခုမှာ လျှောက်ထားလွှာအမှတ် ၁/၂၀၂၀ဖြစ်သည်။

| channels for submission of petition to the Tribunal for constitutional review | potential challenges |
|---|---|
| **President for Executive** | impeachment of executive officials |
| **Speakers for Legislature (Pyithu and Amyotha Hluttaw)** | interpretation of provisions of the constitution itself |
| **Chief Justice for Judiciary** | abstract review of applicable laws in courts of law |
| **Election Management Chairman for Election** | political party dissolution, constitutionality of party actions, legitimacy of democratic election |

**Figure 5.** Person eligible to submit petition and potential challenges

## ခ။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီမညီအကဲဖြတ်မှုဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု

ခုံရုံးဥပဒေအား ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေ အမှတ် ၄/၂၀၁၃ဖြင့်ပြင်ဆင်အစားထိုးခဲ့ပြီးသည့်အချိန်မှစ၍ **ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီမညီအကဲဖြတ်မှု** ဆုံးဖြတ်ချက်၏အကျိုးသက်ရောက်မှု(effectiveness) နှင့် စည်းနှောင်မှု (binding force)သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ရည်ရွယ်ချက်ကို ထိန်းသိမ်းရန်အတွက် အလေးထား စဉ်းစားရမည့် အချက် ဖြစ်သည်။

ထိုသို့အစားထိုးခဲ့သည့်ပုဒ်မ အား ဥပဒေပြုလွှတ်တော်ဖြင့် အတည်ပြုခဲ့သော်ငြားလည်း ထိုအချိန်က နိုင်ငံတော်သမ္မတဖြစ်သူ ဦးသိန်းစိန် က ကန့်ကွက်လွှာတင်ခဲ့ပြီး၊ အဆိုပါပြင်ဆင် ထားသည့်ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မညီသည့်အပေါ် မှတ်ချက်ပြုခဲ့သည့် အပြင်၊ ဒီမိုကရေစီစံနှုန်းများမပါဝင်ဘဲ၊ ခုံရုံးအဖွဲ့ဝင်များအားလုံး၏ လွတ်လပ်စွာတရားစီရင်ရေးကို

လည်းကောင်း၊ ခုံရုံး၏ကိုယ်ပိုင်ဥပဓိရုပ်နှင့်သဘောသဘာဝကိုလည်းကောင်း သေးသိမ်စေသည်ဟု မှတ်ချက်ပြုခဲ့သည်။

အမှန်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၏မူလဘူတ ပြဋ္ဌာန်းချက်သည် ၂၀၁၀ ခုနှစ်တွင် စတင်ထွက်ပေါ်လာခဲ့ပြီး၊ အဆိုပါဥပဒေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှုနှင့်စည်းနှောင်အားကို ခိုင်ခိုင်မာမာပြဋ္ဌာန်းထားခဲ့ပြီးဖြစ်သည်။ ပြဋ္ဌာန်းချက်များမှာအောက်ပါအတိုင်းဖြစ်သည်-

**The Effect of the Resolution of the Constitutional Tribunal of the Union**

| The Tribunal Law 2010 (the very first provisions) | The Tribunal Law (2013 Amendment) | Amendments |
|---|---|---|
| **Sec. 23 The resolution of the Constitutional Tribunal of the Union shall be final and conclusive.** | **Sec. 23** The resolution relating to the matter of the section 12 (h) by which a Court submit to the Constitutional Tribunal of the Union shall be applied to all cases. | **Replaced by sec. 24, and sec. 23 was deleted by law no. 4/2013 Amendment law** |
| | | |
| **Sec. 24 The resolution relating to the matter of the section 12 (h) by which a Court submit to the Constitutional Tribunal of the Union shall be applied to all cases.** | Sec. 24 The resolution made by the Constitutional Tribunal under section 23 shall be final. | **Substituted by law no. 4/2013 amendment** |
| | **Sec. 24** The resolution of the Constitutional Tribunal of the Union shall be final and conclusive. | **Substituted by law no. 46/2014 Amendment law** |
| **Sec. 25 The resolution of the Tribunal shall effect and shall be coming into force to respective Government Department, Organ, Personnel, and all the rest respectively.** | Sec. 25 section 25 shall be deleted. | **Deletion by law no. 4/2013 Amendment law** |

**Figure 6.** The Amendments made to the Constitutional Tribunal Law 2010.

သုံးသပ်ဆင်ခြင်ကြည့်မည်ဆိုပါက အကယ်၍ ခုံရုံး၏ဆုံးဖြတ်ချက်တစ်စုံတစ်ရာသည် အကျိုးသက်ရောက်မှုမရှိပါက၊ ဆိုလိုသည်မှာ- လျှောက်ထားသူနှင့် လျှောက်ထားခံရသူများ ကိုယ်တိုင်အပေါ်တွင် စည်းနှောင်မှု မရှိပါက၊ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေစံများ ပါရှိသည့် စီရင်ထုံးတစ်ရပ်အနေဖြင့် တန်ဖိုးမရှိပါက၊ ခုံရုံးကိုယ်တိုင်အတွက်လည်းကောင်း၊ နိုင်ငံတော်အတွက်လည်းကောင်း တန်ဖိုးမဲ့သည့်အပြင် သေးသိမ်စေခြင်းကို ဖြစ်စေလိမ့်မည်ဖြစ်သည်။

## ၂။ စိန်ခေါ်မှုများ/ အခက်အခဲများ (Challenges)

ဤအပိုင်းတွင် အဖွဲ့အစည်းတစ်ခုတည်းကိုဗဟိုပြုစုစည်းသည့်ပုံစံ (centralized model)ကို ကျင့်သုံးသည့် "**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု**" တွင် အလားအလာရှိနိုင်သည့် စိန်ခေါ်မှုများ/အခက်အခဲများကိုဖော်ပြမည်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေပြုလွှတ်တော် နှင့် ဥပဒေပြုအဖွဲ့များ၏ ဆောင်ရွက်ချက်များ (actions) သို့မဟုတ် လုပ်ဆောင်ချက်များ (measures) သည် ခုံရုံး၏ စိစစ်ခြင်းလုပ်ငန်းတွင် ပါဝင်ခြင်း မရှိပေ။

အကယ်၍ ဥပဒေပြုလွှတ်တော်နှင့် ဥပဒေပြုအဖွဲ့များက ပြဋ္ဌာန်းသည့်ဥပဒေများ၊ စည်းမျဉ်းများ၊ နှင့် လုပ်ထုံးလုပ်နည်းများသည် လက်တွေ့အသုံးပြုမှုတွင် လုံလောက်သည့် ရှင်းလင်းတိကျမှုမရှိပါက ခုံရုံး၏ လာမည့်လုပ်ငန်းစဉ်များတွင် ဖြစ်နိုင်ခြေအများဆုံးရှိသည့် စိန်ခေါ်မှုများဖြစ်လာပေလိမ့်မည်။ ဥပမာ- ပြည်နယ်နှင့်တိုင်းဒေသကြီး အဆင့်ဝန်ကြီးချုပ်အား စွပ်စွဲပြစ်တင်ရန် လိုအပ်လာသည့်အခါ စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် ဥပဒေအရ ခိုင်မာမှုပြည့်စုံတိကျမှုမရှိလျှင် ဥပဒေပြုကဏ္ဍ နှင့် အုပ်ချုပ်ရေးကဏ္ဍအကြား (ဥပဒေပြုသူ နှင့် ဥပဒေကိုကျင့်သုံးသူအကြား) အငြင်းပွားဖွယ် သဘောကွဲလွဲမှုများ ပေါ်ပေါက်လာနိုင်ခြေ ရှိမည်ဖြစ်သည်။

## ၂-၁။ ဥပဒေပြုအာဏာပိုင်များ၏ ဆောင်ရွက်ချက်များ(actions) သို့မဟုတ် လုပ်ဆောင်ချက်များ (measures) အပေါ်စိစစ်ရန် လိုအပ်ချက်

အခြားတစ်ဖက်တွင်လည်း ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးသည် ဥပဒေပြုအာဏာပိုင်အဆင့်ဆင့်က ပြဋ္ဌာန်းသည့်ဥပဒေများကို စိစစ်နိုင် သော်လည်း၊ ဥပဒေပြုအာဏာပိုင်များ၏ ဆောင်ရွက်ချက်များ(actions) သို့မဟုတ် လုပ်ဆောင် ချက်များ (measures) အပေါ်စိစစ်ပိုင်ခွင့်မရှိပေ။ ၂၀၂၀ ခုနှစ်၊ စီရင်ထုံးပြုထားသည့်အမှုတစ်ခုတွင် ပေါ်ပေါက်ခဲ့သည့်ပြဿနာတစ်ခုမှာ ဥပဒေပြုအာဏာပိုင်များ၏ ဆောင်ရွက်ချက်များ (actions) သို့မဟုတ် လုပ်ဆောင်ချက်များ(measures)အား စိစစ်ခြင်းသည် ခုံရုံး၏လုပ်ငန်းဆိုင်ရာ တာဝန်များတွင် ပါဝင်ခြင်းမရှိသည့်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဥပဒေပြုအာဏာပိုင်များ၏ ဆောင်ရွက်ချက်များ(actions) သို့မဟုတ် လုပ်ဆောင်ချက်များ (measures)အား စိစစ်ခွင့်မရှိဆိုသည့်ပြဿနာ ပေါ်ပေါက် ခဲ့သည်။

အဆိုပါစိန်ခေါ်မှုမျိုးသည် အနာဂတ်ဒီမိုကရေစီတွင်ရင်ဆိုင်ရနိုင်သည့် အလားအလာများ ဖြစ်လာပေလိမ့်မည်။ အကြောင်းရင်းမှာ ဥပဒေပြုလွှတ်တော်များသည် "...ပြည်သူများ၏၊ ပြည်သူများအတွက်၊ ပြည်သူများဖြင့်...." ဆိုသည့် လုပသည့်ဆောင်ပုဒ်အား ဒိုင်းသဖွယ် ပြုကာ မိမိတို့ကိုယ် မိမိတို့ အကွယ်အကာယူထားသောကြောင့်ဖြစ်ပေသည်။

## ၂-၂။ ဥပဒေပြုလွှတ်တော်များက ရေးဆွဲသည့် ဥပဒေမူကြမ်းအပေါ် ရှင်းလင်းမှုမရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ထိန်းချုပ်မှု (Ambiguous Consitutional Control)

ထပ်မံ၍တွေ့ကြုံရနိုင်ခြေရှိသည့် စိန်ခေါ်မှုအနေဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၃၂၂(ခ)အရ ပေါ်ပေါက်သည့် **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု**နှင့်ပတ်သက် ပေသည်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၃၂၂(ခ)အရ သုံးနှုန်းထားသည့် စကားရပ်၏ မရှင်းလင်းမှုသည် **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု** အတွက် ရှုပ်ထွေးမှုကို ဖိတ်ခေါ်ပေသည်။ အထက်ပါပြဋ္ဌာန်းချက်အရ ပြဋ္ဌာန်းထားသည့်ဥပဒေများ ဆိုသည့်စာပိုဒ်သည် **"ပြဋ္ဌာန်းပြီးဖြစ်သည့်ဥပဒေကိုသာ ရည်ညွှန်းသည်လား၊ သို့မဟုတ် ဥပဒေမူကြမ်းကိုပါ ဆိုလိုသည် လား"** ဆိုသည့်အချက်သည် မရှင်းလင်းပေ။ ထိုကဲ့သို့သော မရှင်းလင်းသည့်ပြဋ္ဌာန်းချက်သည်

အမှန်တကယ်အငြင်းပွားမှုတွင် အခက်အခဲကြုံတွေ့ရပေလိမ့်မည်။ ထိုကဲ့သို့ အဓိပ္ပာယ်ကောက်ယူမှုလွဲမှားစေမည့်ပြဋ္ဌာန်းချက်များကို အဓိပ္ပယ်နှစ်ခွမထွက်သောစကားလုံးဖြင့် ပြင်ဆင်ပြဋ္ဌာန်းခြင်းဖြင့် ရှောင်ရှားသင့်ပေသည်။

ဥပဒေပါပြဋ္ဌာန်းချက်တစ်စုံတစ်ရာအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု (abstract review) ဥပမာအဖြစ် ၂၀၁၅ ခုနှစ်၊ တွင် တင်သွင်းခဲ့သည့် လျှောက်ထားလွှာအမှတ် ၁/၂၀၁၅ တွင် ပေါ်ပေါက်ခဲ့သည်။

ထိုလျှောက်ထားလွှာတွင် ဥပဒေအဖြစ်ပြဋ္ဌာန်းခြင်းမပြုရသေးသည့် ဥပဒေကြမ်းပါ သီးသန့်ပြဋ္ဌာန်းချက်တစ်ရပ်၏ ဖွဲ့စည်းပုံဥပဒေနှင့်ညီ၊မညီ ကိစ္စပေါ်ပေါက်ခြင်းဖြစ်သည်။ အဆိုပါကိစ္စတွင် "ဥပဒေကြမ်းတစ်ရပ်သည်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ၊ မညီ" နှင့် "ဥပဒေကြမ်းတွင် ပါရှိသည့်ပြဋ္ဌာန်းချက်တစ်ရပ်၏ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ၊ မညီ" ဆိုသည့် ကွဲလွဲမှုပင်ဖြစ်သည်။ ဥပဒေကြမ်းတစ်ခုလုံးအပေါ်တွင် အငြင်းထွက်ခြင်းမဟုတ်ဘဲ၊ ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက် တစ်ရပ်ပေါ်တွင်သာ အငြင်းပွားခြင်းဖြစ်ပေသည်။ ထိုသို့ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ပေါ်တွင်သာ **ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ၊မညီ ပြန်လည်သုံးသပ်မှု** ပြုခြင်းအား (abstract review) ဟု ဆိုသည်။

လာမည့်ကာလများတွင်လည်း ဥပဒေမူကြမ်းအချို့အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ၊မညီ လျှောက်ထားလာမည်ဆိုပါစို့၊ ဥပမာအားဖြင့်- ဒီမိုကရေစီအပြောင်းအလဲ ဖြစ်လာသည့်အချိန်တွင် ရွေးကောက်ပွဲစနစ်သစ်တစ်ရပ်ဖြစ်သည့် အချိုးကျကိုယ်စားပြုမှုရွေးကောက်ပွဲစနစ်ဆိုင်ရာ ဥပဒေမူကြမ်းဖြစ်စေ သို့မဟုတ် ဥပဒေဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ၊မညီ အကဲဖြတ်မှုဖြစ်လာနိုင်ပေသည်။ သို့ဖြစ်သောကြောင့် "ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေများကိုစိစစ်ခြင်း" ဆိုသည့်စာပိုဒ်အား "ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများနှင့်ဥပဒေမူကြမ်းများကိုစိစစ်ခြင်း" ဆိုသည့်စာပိုဒ်သို့ ရှင်းလင်းစွာဖော်ပြရန်အတွက် ဥပဒေပြင်ဆင်ချက်များပြုရန် လိုပေလိမ့်မည်။

## ၂-၃။ ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်အား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု ပြုခြင်း (Abstract Constitutional Review)

မြန်မာနိုင်ငံ၏ "ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု" လုပ်ငန်းတွင် **ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်အား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်ခြင်း** သည် မူလတရားစီရင်ရေးကဏ္ဍရှိ တရားရုံးများက ကျင့်သုံးသည့်ဥပဒေအချို့၏ ပြဿနာနှင့် ချိတ်ဆက်နေပေသည်။

အကယ်၍ ဥပဒေပါပြဋ္ဌာန်းချက်အချို့မှ ပေါ်ပေါက်လာသည့် ဥပဒေအရ ကောက်ယူသုံးသပ်မှု တစ်စုံတစ်ရာသည် ရှင်းလင်းပြတ်သားမှုမရှိ သို့မဟုတ် အဓိပ္ပာယ်နှစ်ခွဖြစ်သည့်အခါ၊ ခုံရုံးသည် အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနည်းလမ်းအရဖြစ်စေ သို့မဟုတ် အကြံပေးထင်မြင်ချက်ပေးခြင်းအရဖြစ်စေ၊ ဖြေရှင်းပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားသည်။ ယနေ့အချိန်အထိ အဆိုပါ စိန်ခေါ်မှုမျိုးတွင် အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ခြင်းမရှိပေ။

## ၃။ တိုးတက်မှုအလားအလာ
## (Development Trend)

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှုစနစ်များသည် ဥပမာ- diffused system, concentrated system, diffused and concentrated mixed system, quasi-judicial system အစရှိသဖြင့် အမျိုးမျိုးရှိပေသည်။ အဆိုပါစနစ်များအနက် မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ စီရင်ပိုင်ခွင့်အာဏာကို တစ်နေရာတည်း၌စုစည်းထားသည့်စနစ် (concentrated system) ကို ကျင့်သုံးခြင်း ဖြစ်ရာ၊ အဆိုပါသဘောတရားအရ **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု**သည်လည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ရည်ရွယ်ချက်အရသာ စဉ်ဆက်မပြတ် အကဲဖြတ်ခြင်းဖြစ်ပေသည်။

## ၃-၁။ စနစ်သည်ဖွဲ့စည်းထားသည့်ပုံစံနှင့် ချိတ်ဆက်မှုရှိရခြင်း
## (Syatem must be linked to Model)

ဖွဲ့စည်းပုံအခြေခံဥပဒေက ချမှတ်ထားသည့်ဘောင်အောက်တွင် အကယ်၍ မြန်မာနိုင်ငံက ကျင့်သုံးသည့် **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု**သည် **အဖွဲ့အစည်းတစ်ခုတည်းကို ဗဟိုပြုစုစည်းသည့်ပုံစံ(centralized model)**ဖြစ်သည်ဟုပြောမည်ဆိုပါက၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာချွန်တော်များလျှောက်ထားခြင်းသည် မည်သည့်အတွက်ကြောင့် ခုံရုံး၏ စီရင်ခွင့်အတွင်း မရှိရသနည်း။

အမှန်အားဖြင့်၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊အခန်း ၈တွင်ပါဝင်သည့် ပြဋ္ဌာန်းချက်များအားလုံးသည် နိုင်ငံသားများ၏အခြေခံအခွင့်အရေးများ၊ ဆိုလိုသည်မှာ နိုင်ငံသားများ၏ အခွင့်အရေးများနှင့်အတူတာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံချက်ပေးထားခြင်း ဖြစ်သည်။ အကယ်၍ အဆိုပါအခွင့်အရေးများသည် တနည်းနည်းဖြင့် ချိုးဖောက်ခံရပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအာမခံချက်အောက်တွင် တရားစီရင်ရေးဆိုင်ရာကုစားခွင့်များဖြင့် ကုစားပေးရမည်ဖြစ်သည်။ အကြောင်းမညီညွတ်စွာဖြင့်ပင် အဆိုပါယန္တရားသည် တရားစီရင်ရေးကဏ္ဍအောက်ရှိ တရားရုံးများ၏ အမြင့်ဆုံးတရားရုံးတော်တွင် စီရင်ပိုင်ခွင့်ရှိနေခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံထားသည့် နိုင်ငံသားများ၏အခွင့်အရေးအတွက် စာချွန်တော်လျှောက်ထားမှုတင်သွင်းခြင်းကို တရားလွှတ်တော်ချုပ်သို့ တင်သွင်းရသည်။ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သတ်မှတ်ချက်အရ နိုင်ငံတော်တရားလွှတ်တော်ချုပ်သည် စာချွန်တော်လျှောက်ထားမှုများအား စီရင်ပိုင်ခွင့်အာဏာရှိပေသည်။ အမှန်တွင် စာချွန်တော်များသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာကုစားမှုများဖြစ်ရာ၊ အကယ်၍တရားလွှတ်တော်ချုပ်၏ အဖြေသည်ကျေနပ်လောက်စရာမရှိပါက၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီမညီ အကဲဖြတ်မှုကို ရယူနိုင်ရလိမ့်မည်ဟု မှန်းဆကြည့်ရပေလိမ့်မည်။

သို့ဖြစ်သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှုအတွက် တိုးတက်မှုအလားအလာနှင့်ပတ်သက်၍ ဆင်ခြင်စဉ်းစားရာတွင် စာချွန်တော်များလျှောက်ထားမှု လုပ်ငန်းစဉ်အား ခုံရုံးသို့တိုက်ရိုက်တင်သွင်းသင့်သည်လား ဆိုသည့်အချက်သည် တစ်နည်းမဟုတ်တစ်နည်း စဉ်းစားသင့်သည့်အချက်ဖြစ်ပေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာစာချွန်တော်များသည်

အမြင့်ဆုံးတရားရုံးတော် ဖြစ်သည့် နိုင်ငံတော်တရားလွှတ်တော်ချုပ်တွင် လက်တွေ့ကျင့်သုံးခြင်းသည်လည်း ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် စာချွန်တော်လျှောက်ထားမှုများကို ပြဋ္ဌာန်းအကောင်ဖော်ဆောင်ရွက်ခဲ့သည့် အလေ့အထရှိခဲ့သဖြင့် ထိုအချိန်မှစ၍ မြန်မာနိုင်ငံ၏ တရားစီရင်ရေးကဏ္ဍ၏အစဉ်အလာအပေါ်အခြေပြုထားခြင်းဖြစ်ပြီး၊ထိုစဉ်က တရားလွှတ်တော်ချုပ်သည် ၁၉၄၈ ခုနှစ်မှ ၁၉၇၉ ခုနှစ် အထိ အချိန်များအတွင်း စာချွန်တော်စီရင်ပိုင်ခွင့်အာဏာ ကို အပ်နှင်းခြင်းခံရသောကြောင့်ဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှုပုံစံ** (Model of constitutional review) သည် အခြားတစ်ဖက်တွင်လည်း**အဖွဲ့အစည်းတစ်ခုတည်းကို ဗဟိုပြုစုစည်းသည့်ပုံစံ** (centralized model) ဟု မဆိုသာပါ။ တရားရုံးအဆင့်ဆင့်သို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု စီရင်ပိုင်ခွင့်အာဏာကို ခွဲဝေသုံးစွဲသည့်ပုံစံ (decentralized model) သည်လည်း ရောထွေးနေသည်ဟု ဆိုရပေမည်။

အဘယ့်ကြောင့်ဆိုသော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာချွန်တော်လျှောက်ထားမှုများနှင့်ပတ်သက်ပါက၊ (decentralized model) ကိုကျင့်သုံးထားသဖြင့်၊(centralized model)အား မှန်ကန်စွာကျင့်သုံးသည်ဟုမဆိုသာပါ။ ဤသည်ပင် **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု**၏ တိုးတက်မှု လမ်းကြောင်းအတွက် မေးခွန်းထုတ်ရန် ကျန်ရှိနေသည့် အထူးအရေးပါစွာ စဉ်းစားရမည့်အချက် ဖြစ်ပေသည်။

## ၃-၂ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ပုဂ္ဂလိကတစ်သီးချင်းစီ၏ တိုက်ရိုက်အမှုတင်ခွင့် (Individual Direct Access to the Tribinal)

ယနေ့ကမ္ဘာတွင် လူသားတို့၏အခွင့်အရေးများသည် အမြင့်ဆုံးဦးစားပေးဖြစ်သော်လည်း ပုဂ္ဂလိကတစ်ဦးချင်းစီ၏အခွင့်အရေးများတောင်းဆိုမှုအတွက် စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးသို့ တိုက်ရိုက်တင်သွင်းခွင့်ရရှိမှုသည် ရှားရှားပါးပါးဖြစ်နေဆဲပင်ဖြစ်သည်။ ခုံရုံး၏ **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု**အပေါ် ပုဂ္ဂလိကတစ်ဦးချင်းစီ၏ တိုက်ရိုက် လျှောက်ထားလွှာတင်ခြင်းဆိုင်ရာ ဝန်ထုတ်ဝန်ပိုးနှင့်စပ်လျဉ်း၍ စဉ်းစားရာတွင် Ombudsman's ကဲ့သို့သော စောင့်ကြည့်ရေးလုပ်ငန်းကို လုပ်ဆောင်ကြသည့် မြန်မာလူ့အခွင့်အရေးကော်မရှင်သည် ပုဂ္ဂလိကတစ်ဦးချင်းစီကိုယ်စား လျှောက်ထားလွှာတင်သွင်းခြင်းအတွက် တရားဝင်တင်သွင်းခွင့်ရှိသူ (eligible person) ဖြစ်သင့်ပေသည်။

တစ်ဖက်တွင်လည်း ပုဂ္ဂလိကတစ်ဦးချင်းစီ၏ တိုက်ရိုက် လျှောက်ထားလွှာတင်ခြင်း သည် ယခုလတ်တလောအချိန်တွင် အခွင့်အရေးခံစားနိုင်ခြင်း မရှိသေးသော်လည်း၊ အခြားတစ်ဖက်တွင် ပြည်သူ့လွှတ်တော် နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်စလုံးရှိ ရွေးကောက်တင်မြှောက်ခံလွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တိုက်ရိုက်လျှောက်ထားလွှာတင်သွင်းခွင့်ရှိပေသည်။ ထိုကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များက လျှောက်ထားမှုမျိုးများအား ၂၀၁၁၊ ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၇ နှင့် ၂၀၁၉ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တိုက်ရိုက်တင်သွင်းခဲ့ကြသည်ကို တွေ့နိုင်ပေသည်။

သို့ဖြစ်၍ ဥပဒေပြုလွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခံကိုယ်စားလှယ်များသည် "…ပြည်သူ၏….ပြည်သူ့အတွက်…..ပြည်သူဖြင့်……" ဆိုသည့် ဆောင်ပုဒ်အတိုင်း လိုက်နာဆောင်ရွက်ပေးကြရမည့်အပြင်၊ ပြည်သူ့အသံကိုနားထောင်ရမည်ဖြစ်သလို၊ သက်ဆိုင်ရာလွှတ်တော်က ပြဋ္ဌာန်းလိုက်သည့်ဥပဒေများအား အထူးသိရှိနားလည်ပြီး ပြည်သူများ၏အသံအတွက် အာမခံချက်ပေးရမည် ဖြစ်သည်။ ထိုသို့ ပြည်သူက တိုက်ရိုက်လျှောက်ထားလွှာတင်သွင်းနိုင်ခွင့်အခွင့်အရေးအား ဥပဒေပြုလွှတ်တော်များနှင့် အဆင်ဆင့်သောဥပဒေပြုအဖွဲ့များရှိ ပြည်သူ့ကိုယ်စားလှယ်များသည် ထိုသို့သောနည်းလမ်းကို လူအဖွဲ့အစည်းကပိုမိုသိရှိလာစေရန် အရောင်တင်ပေးရမည် ဖြစ်သည်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်စာသားအရ မူလတရားစီရင်ရေးအောက်ရှိ တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်တစ်ရပ်သည် အယူခံပိုင်ခွင့်မရှိဟုသာပါရှိပြီး၊ **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု** ကို ဖယ်ထုတ်ထားခြင်း မရှိပေ။ သို့ဖြစ်သောကြောင့် **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု**နှင့်ပတ်သက်သည့် ဆန်းစစ် လေ့လာမှုများသည် လူ့အဖွဲ့အစည်းတိုင်းအတွက် မျှတမှုနှင့် ဘက်မလိုက်မှုအပေါ် အခြေပြုထားသည့် နည်းလမ်းနှင့် လမ်းကြောင်းများကိုဖော်ထုတ်ကြရမည်ဖြစ်ပေသည်။

လက်ရှိအနေအထားတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအကြောင်းအရာများအားလုံးသည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ မြန်မာနိုင်ငံရောက်ရှိရေးအတွက် ၂၀၀၄ ခုနှစ်၊ အမျိုးသားညီလာခံများ နှင့် ညီလာခံအစည်းအဝေးများ၏ အခြေခံအကြိုပြင်ဆင်မှုလုပ်ငန်းများအတွင်း ဆောင်ရွက်ခဲ့ကြသည့် အကြံဉာဏ်များ၊ ဆင်ခြင်သုံးသပ်မှုများ၊ နှင့် ဆွေးနွေးညှိနှိုင်းချက်များပေါ်တွင် အခြေချခဲ့ကြခြင်းဖြစ်ပေသည်။

## ၃-၃ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်ခြင်းအတွက် မိမိမှစတင်စိစစ်သည့်အာဏာ (Own motion power for constitutional review)

ဆယ်စုနှစ် တစ်နှစ်ဆိုသည့် ဒီမိုကရေစီနိုင်ငံရေးပုံဖော်မှုသည် ယခုအခါကျော်လွန်ခဲ့ပြီး၊ လူပုဂ္ဂိုလ်တစ်ဦးချင်းစီသည် ခုံရုံးသို့ တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ လျှောက်ထားလွှာတင်ခွင့်မရခဲ့ပေ။ စာချွန်တော်များလျှောက်ထားမှုများသည်ပင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားအခွင့်အရေးများ အာမခံထားသည့်တိုင်၊ ဒီမိုကရေစီယန္တရားအရ ဖွဲ့စည်းထားသည့် အချို့သောအဖွဲ့အစည်းများသည်ပင် ပြီးပြည့်စုံစွာ တာဝန် ထမ်းဆောင်နိုင်ခြင်း မရှိခဲ့ကြပေ။ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု၏ ဖွံ့ဖြိုးတိုးတက်မှု အလားအလာအတွက် ရှုမြင်သုံးသပ်မှုတိုင်းသည် အနာဂတ်ကောင်းမွန်စေရန် စစ်ဆေးဆန်းစစ် နေရပေလိမ့်မည်။

ခုံရုံး၏ မိမိမှစတင်စိစစ်သည့်အာဏာသည် လမ်းကြောင်းသစ် တစ်ရပ်အတွက် စဉ်းစားသင့်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီ စနစ်ကြီးစိုးရေးအရ ပါတီနိုင်ငံရေးစနစ် (party politics)သည် နိုင်ငံတိုင်းသို့ တင်ပို့ခံရသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မူဘောင်တစ်ရပ်သည် ဟာကွက်များ မပါဝင်ရပေ။ ကမ္ဘာပေါ်ရှိ ယနေ့ ဒီမိုကရေစီစနစ် ကြီးစိုးရေး ကြိုးပမ်းမှုသည် လူသားတို့အတွက် တန်ဖိုးမဖြတ်နိုင်သည့်အရာ ဖြစ်ရန်အတွက်

ပြန်လည်စဉ်းစားခြင်းကို ပြုလုပ် မည်ဆိုပါက ဒီမိုကရေစီယန္တရားအတွက် အခြေပြုဖွဲ့စည်းရမည့် အဖွဲ့အစည်းများဖွဲ့စည်းခြင်း (institutionalization of democracy system) သည် အထူးအရေးပါစွာ အကဲဖြတ်ခြင်းကို ခံနိုင်ရမည် (significantly assessable) ဆိုသည့်အချက် ဖြစ်သည်။ အကယ်၍ အဖွဲ့အစည်းများဖွဲ့စည်းပုံယန္တရားသည် အကောင်အထည်ဖော်မှုတွင် ထိရောက်မှုမရှိပါက၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ လုပ်ငန်းနှင့်ကြီးကြပ်မှု (function and control) သည် ချို့ယွင်းချက်များကို ပြုပြင်ရန် အတွက် ကရိယာများ ဖြစ်ရပေမည်။

တရားရုံး သို့မဟုတ် ခုံရုံး၏ **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု** ယန္တရား၏ အရှည်တည်တံ့မှု နှင့် ထိရောက်မှုကို ကာကွယ်ရန် အလို့ငှာ၊ မိမိမှစတင်စိစစ်သည့်အာဏာ (own motion power of the Tribunal)၊ ဆိုလိုသည်မှာ- မိမိ၏ဆုံးဖြတ်ပိုင်ခွင့်အာဏာဖြင့် သက်ဆိုင်ရာအကြောင်းအရာတစ်ရပ်အား စတင် စုံးစမ်းစစ်ဆေးခြင်း (*motu proprio* :on one's own initiative) လုပ်ငန်းကို ခုံရုံး၏လုပ်ငန်းဆိုင်ရာတာဝန်များတွင် ထပ်မံထည့်သွင်းသင့်ပေသည်။

**၄။ နိဂုံး**

နိဂုံးချုပ်အားဖြင့် ပညာရှင်အချို့ နှင့် အနောက်ကမ္ဘာခြမ်းရှိ နိုင်ငံရေးခေါင်းဆောင်များသည် ၎င်းတို့၏ကမ္ဘာဖက်ခြမ်းတွင် ဖွဲ့စည်းထားပြီးဖြစ်သည့် ဒီမိုကရေစီနိုင်ငံရေးစနစ်သည် မည်သည့်နည်းဖြင့်မဆို အရှေ့ကမ္ဘာဖက်ခြမ်းသို့ မည်မျှပင်အပန်းကြီးပါစေ မဖြစ်မနေတင်ပို့ရမည် ဆိုသည့် အတွေးသက်သက်သာရှိကြပေသည်။

မည်သို့ပင်ဆိုစေကာမူ အရှေ့ကမ္ဘာဖက်ခြမ်းမှ သူများသည် ဒီမိုကရေစီ၏စစ်မှန်သော သဘောတရားကိုအလွဲသုံးမိပါက လူမှုအဖွဲ့အစည်းတစ်ရပ်လုံးအလွယ်တကူ ပြိုကျပျက်စီးသွားနိုင်သည်ကို အနောက်ကမ္ဘာခြမ်းမှသူများသည် မည်သည့်အခါမျှ စဉ်းစားမည် မဟုတ်ပေ။

သို့ဖြစ်သောကြောင့်အနောက်ကမ္ဘာခြမ်းမှသူများသည် ၎င်းတို့၏ ဝေဖန်ရှုတ်ချပြစ်တင်မှု တစ်ပုံတစ်ပင်အား လျော့ချသင့်ပြီး၊ အရှေ့ကမ္ဘာဖက်ခြမ်းရှိ နိုင်ငံအသီးသီး နှင့် နိုင်ငံတိုင်းက ရင်ဆိုင်နေကြရသည့် စစ်မှန်သည့် အခြေအနေမှန်များအရသာ ပြုမူဆက်ဆံကြရန်လိုပေလိမ့်မည်။

နိုင်ငံရေး အတွေး အမြင်များကို မှန်ကန်စွာဆင်ခြင်နိုင်စွမ်းမရှိသည့် အစွန်းရောက်သူများ၏ ဖျက်ဆီးမှုကြောင့် မြန်မာနိုင်ငံ၏ ဆယ်စုနှစ် တစ်နှစ်ဆိုသည့် ဒီမိုကရေစီသက်တမ်းသည် နိုင်ငံမတည်ငြိမ်ဖြစ်ခြင်း နှင့် လူမှုအဖွဲ့အစည်းတစ်ရပ်၏ ပြင်းထန်သည့်ကစင့်ကလျားဖြစ်ခြင်းကို ယခုအခါရင်ဆိုင်နေရပေသည်။

နိုင်ငံရေးပါတီစနစ်တစ်ရပ်၏ ချို့ယွင်းချက်ကြောင့်လည်းကောင်း၊ လူများစုဖြစ်သည့် နိုင်ငံသားများ၏ဆန္ဒကို လစ်လျူရှုလျက်၊ လူနည်းစုလူအုပ်စုတစ်စု၏ အခွင့်အရေးကို ကာကွယ်ရန်သာ မျက်နှာသာ ပေးဘက်လိုက်နေသည့် ပြည်တွင်း၊ ပြည်ပ ဖိအားများကြောင့် လည်းကောင်း ပေါ်ပေါက်လာသည့် သင်ခန်းစာများသည် မှတ်သားလေ့လာနေရပေလိမ့်မည်။

အဆိုပါအခြေအနေများအောက်တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် မိမိ၏**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်ခြင်း**အား အရေးပေါ်ကာလ အခြေအနေ အောက်တွင် တိုးတက်ဖွံ့ဖြိုးမှုအသစ်အတွက် အခြေပြုမည့်ယန္တရားအား ဆန်းစစ်ရန် ကြိုးပမ်းနေဆဲ ဖြစ်ပေသည်။